

သားပုလင်းနှင်းမောင်နှင့်
မြေလျှိုးမိုးပျံဒိဗ္ဗန်
ပန်းချီ သိန်းရွှေကြည်
၂၀၀၈



# အခန်း(၁)

## ဆားပုလင်းနှင်းမောင်ပြောသော နာမည်အကြောင်း

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီရုံးရှိ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ ကျွန်ုပ်မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်နှင့်အတူ ရောက်တတ်ရာရာ စကားများ ပြောဆိုနေကြလေ၏။ ကျွန်ုပ်စကားဝိုင်းတွင် ရာဇဝတ်လောကတွင် "လက်ဝါး"ဟု နာမည်ကြီးသော လက်ဝါး ဦးကိုကြီးကြီးဆိုသူ စုံထောက်အရာရှိတစ်ဦးလည်း ပါ၏။

အပြင်ဘက်တွင် မိုးသည်းစွေ၍ ရွာနေသောကြောင့် ရုံးတက်၍ အလုပ်လုပ်ရသည်မှာ ပျင်းရိဖွယ်ကောင်းလှတော့၏။ အခါတိုင်းဆိုလျှင် နေ့ခင်းဘက် လက်ဖက်ရည်သောက်ချိန်၌ ရုံးကြီးဘက်သို့ လျှောက်သွားကာ နွားနို့ဖျော်သော 'ကာကာ' လက်ဖက်ရည်တွင် ဝိုင်းဖွဲ့တတ်ကြသော်လည်း ယခုမူ မိုးရွာနေသောကြောင့် မသွားဖြစ်တော့ဘဲ ကျွန်ုပ်၏ရုံးခန်း၌သာပင် စကားစမြည် ပြောဆိုနေကြလေ၏။

ကျွန်ုပ်တို့ ပြောဆိုနေကြသောစကားများသည် လမ်းကြောင်းတစ်ခုမှတစ်ခုသို့ ပြောင်း၍သွား၏။ အစပိုင်းတွင် ရွှေတိဂုံဘုရားအကြောင်းကို ပြောဖြစ်ကြ၏။ ထို့နောက်တွင် ကုလားမျိုးများအကြောင်းကို ရောက်သွား၏။ ထိုမှတစ်ဖန် မီးရထား ဘူတာရုံများအကြောင်း ရောက်သွား၏။ ဘူတာရုံအကြောင်းမှ ဟစ်တလာ၏စစ်တပ်အကြောင်း ရောက်သွားပြန်၏။

ထိုမှတစ်ဖန် မော်တော်ကားများအကြောင်း ရောက်သွားပြန်၏။ မော်တော်ကားများအကြောင်းမှ တစ်ဖန် ရာဇဝင်လူဆိုးတို့ မှည့်လေ့ရှိသော နာမည်များအကြောင်းသို့ ရောက်သွားပြန်၏။

ဦးကိုကိုကြီးသည် သူ၏ ကြီးမားလှသော လက်ဝါးကြီးနှစ်ခုကို ပွတ်ရင်း . . .

"အိုင်ဆေး ကိုနှင်းမောင်၊ လူမိုက်တွေ လူဆိုးတွေရဲ့ နာမည်က ခပ်ဆန်းဆန်းပဲဗျ၊ ဗိုလ်တထောင်က ဓားငမိုးတဲ့၊ အနောက်ပိုင်းက ဓားဖိုးဆင်တဲ့၊ လမ်းမတော်က ဖိုးတုတ်တဲ့၊ အဲဒီမှာကြည့်စမ်းပါဦး၊ ငမိုးရယ်၊ ဖိုးဆင်ရယ်၊ ဖိုးတုတ်ရယ်၊ နာမည်တွေက တစ်လုံးတည်းချည်းပဲဗျ။ ကျုပ်ကတော့ နားမလည်ပါဘူးဗျာ။ အထင်နဲ့ပြောတာပါ။ အဲဒီလိုနာမည်မျိုးတွေမှည့်မိလို့များ ဆိုးမိုက်ကုန်ကြတာလား မပြောတတ်ဘူးဗျာ"ဟု ဆိုလေ၏။ ကျွန်ုပ်သည် မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်မည်သို့မည်ပုံ ပြန်၍ဖြေဆိုမည်ကို စိတ်စော၍ နားစွင့်နေမိလေ၏။

ဆားပုလင်းနှင်းမောင်သည် 'ဂလေဇီယာ'ခေါ် ရေခဲတောင်တံဆိပ်စီးကရက်တစ်လိပ်ကိုထုတ်၍ စီးကရက်ဘူးပေါ်တွင် စီးကရက်ကို တဒေါက် ဒေါက် ခေါက်လိုက်၏။ ပြီးလျှင် ထိုစီးကရက်ကို နှုတ်ခမ်းဖျားတွင် တေ့ကာ မီးခြစ်ကို 'ထောက်'ခနဲ ခြစ်လိုက်၏။ ထို့နောက် မီးတောက်ကို မျက်လုံးစွေ၍ကြည့်လိုက်၏။ ပြီးမှ မီးခိုးသည် ဂလုံးပုံသဏ္ဌာန်လေးများဖြစ်၍ ပါးစပ်မှထွက်သွား၏။ ထိုသို့ မီးခိုးများကို မှုတ်ထုတ်ပြီးနောက် ...

"ဒီလို ဦးကိုကိုကြီးရဲ့ အခု ခင်ဗျားပြောတဲ့ နိုင်ငံကျော် လူမိုက်ကြီးသုံးယောက်ရဲ့နာမည်က အဆန်းတကြယ်တော့ မဟုတ်ပါဘူးဗျာ။ ကျုပ်တို့ မြန်မာလူမျိုးတွေ မှည့်လေ့မှည့်ထရှိတဲ့နာမည်မျိုးတွေပါပဲ။ ကျုပ်တို့လူမျိုးကလည်း နာမည်မှည့်တဲ့နေရာမှာ အရမ်းကာရော မှည့်လေ့တော့ မရှိဘူးဗျ။ စနစ်နဲ့မှည့်တာပါ"ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ဘယ်လိုစနစ်လဲ ကိုနှင်းမောင်ရဲ့"ဟု ကျွန်ုပ်က မေးလိုက်ရာ ဆား

ပုလင်းနှင်းမောင်က . . .

"ကျုပ်တို့လူမျိုး နာမည်မှည့်တဲ့စနစ်က နာမည်ကြားရုံနဲ့ နာမည်ရှင်ရဲ့မွေးနေ့ဟာ ဘာနေ့လဲသိအောင် လုပ်ထားတာဗျ။ ခုဟာကဗျာ. . . ဦးကိုကိုကြီးဆိုရင် တနင်္လာသားဆိုတာ သိပြီးသားပဲ။ 'က ခ ဂ ဃ ခ'နဲ့စထားတာကိုး။ ဦးအောင်သင်းဆိုရင် တနင်္ဂနွေသားဗျာ။ 'အ' အသံထွက်နဲ့စထားတာကိုး။ ဟိုဘက်ခန်းက ကိုတင်ဝင်းဆိုရင် စနေသားဗျာ။ 'တ ထ ဒ ဓ န'နဲ့ မှည့်ထားတာကိုး။ ကျုပ်တို့လူမျိုးတွေ အဲဒီလို စနစ်နဲ့ မှည့်ထားတာဗျ။"

ကျုပ်တို့ရဲ့ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်ကတော့ 'က' ကြီးအသံထွက်နဲ့ စထားပေမယ့် တနင်္လာသားတော့ မဟုတ်ပေဘူးဗျ။ ဟောဟိုမှာ လုပ်နေတဲ့ မာလီကုလား အီဗရာဟင်ကလည်း 'အ' အသံထွက်နဲ့ စထားပေမယ့် တနင်္ဂနွေသားတော့ မဟုတ်ပေဘူးဗျ။ နာမည်ကြားလိုက်တာနဲ့ ဘာနေ့သားလို့သိအောင် လုပ်ထားတာက ကျုပ်တို့လူမျိုးတစ်မျိုးတည်းရှိတယ်။ ကျန်တဲ့လူမျိုးတွေမှာ အဲဒီလိုစနစ်ရှိတယ်လို့ ကျုပ်ဖြင့် မကြားဖူးဘူးဗျဟု ပြောလေ၏။ ထိုအခါ လက်ဝါးဦးကိုကိုကြီးက. . .

"ဟုတ်ပ့ါ ကိုနှင်းမောင်ရယ် ခင်ဗျားပြောမှပဲ စဉ်းစားမိတော့တယ်"ဟု ဝန်ခံလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"ကျုပ်နဲ့ ငယ်သူငယ်ချင်း ဘောကြီးဆိုတဲ့ကောင် ရှိတယ်ဗျ။ ကျုပ်တို့မြို့ရဲ့ ကမ်းနားဆိပ်မှာ ဆိပ်ခံဘောတံတားကြီး စပြီးတည်တဲ့နေ့မှာ ဒီကောင့်ကို မွေးတာ။ အဲဒါကြောင့် သူ့ကို ချစ်စနိုးနဲ့ 'ဘောကြီး. . . ဘောကြီး' လို့ ခေါ်ကြတာ။ ဘောဆိုတာ 'ပ ဖ ဗ ဘ မ' ကြာသပတေးသားဖြစ်ရမှာပေ့ါဗျာ။ မဟုတ်ဘူးလား ကိုနှင်းမောင်"ဟု ကျွန်ုပ်က ပြော

လိုက်ရာ ဆားပုလင်းနှင်းမောင်က ပြုံးလေ၏။

"ဒီလိုရှိတယ် အိုင်ပီရဲ့၊ နာမည်မှာက အမျိုးအစား လေးမျိုးရှိတယ်။ (တစ်) အကြောင်းတရားကြောင့် မှည့်ရတဲ့ အမည်မျိုး၊ ဘောကြီးတည်တာကို အကြောင်းပြုပြီး အမည်ရခဲ့တဲ့ ကိုဘောကြီးလိုဟာမျိုး၊ မဟာဩသဓနေတ်ဆေးကို ကိုင်လျက် သားမွေးလာတာကြောင့် မဟောသဓလို့ အမည်တွင်တာမျိုး" အဲဒီလိုနာမည်မျိုးတွေ အကြောင်းတရား နာမည်မျိုးတွေဗျ၊ နံပါတ်(နှစ်) ကိုယ့်ရဲ့သားလေးကို ထွန်းတောက်စေချင်တဲ့အတွက် မောင်ထွန်းတောက်လို့ မှည့်တာမျိုး၊ ကိုယ့်သမီးလေးကို အညွန့်တလူလူ တက်စေချင်တဲ့အတွက် 'မညွန့်'လို့ မှည့်တာမျိုး၊ ဒါက အကျိုးတရားကို ဖော်ပြပြီးမှည့်တဲ့ အကျိုးတရားနာမည်ဗျ။

နံပါတ်(သုံး) ခေါ်လို့ရရုံသက်သက် မှည့်တဲ့နာမည်မျိုးလည်းရှိသေးတယ်။ ဥပမာဗျာ. . . သာဒင်ဆိုတဲ့နာမည်မျိုးဟာ အကျိုးတရားလည်း မပါဘူး။ အကြောင်းတရားလည်း မပါဘူး။ ခေါ်ရုံသက်သက် ခေါ်လို့ရအောင် မှည့်ထားတာ။ နံပါတ်(လေး) နှိမ်ပြီးမည့်ထားတဲ့ နာမည်မျိုးဟာ လူကို တိရစ္ဆာန်နဲ့နှိုင်းပြီးမှည့်တာမျိုး၊ ငခွေးတို့၊ ခွေးမတို့၊ ဝက်မတို့ ကြွက်သိုးတို့၊ ငကျွဲတို့. . . အဲဒီလိုနာမည်မျိုးလည်း ရှိသေးတယ်ဗျ။ ဘာပဲဖြစ်ဖြစ် ကျုပ်တို့မြန်မာလူမျိုးတွေရဲ့ နာမည်ကို အဲသလို အမျိုးအစားလေးမျိုးနဲ့ ခွဲခြားထားလို့ရတယ်ဗျဟု ပြောလိုက်ရာ ကျွန်ုပ်သည် မှတ်သားဖွယ်ကောင်းသောကြောင့် မှတ်စုစာအုပ်တွင် ရေးမှတ်ထားလိုက်လေတော့သတည်း။

*

# အခန်း(၂)

## မြည်းသတ္တဝါလို ငိုက်မြည်းနေတဲ့ ကျွန်ုပ်တို့လူစု

ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီရုံးရှိ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ လစဉ်ရေးရန်ရှိသော ပြန်တမ်းများကို ရေးသားလျက် ရှိလေ၏။ ထိုအချိန်၌ လက်ဝါးဦးကိုကိုကြီးခေါ် အိုင်ပီဦးကိုကိုကြီးသည် ကျွန်ုပ်၏ရုံးခန်းအတွင်းသို့ ဝင်လာပြီးလျှင်. . .

"တယ်လဲ အလုပ်ကြိုးစားပါလား ကိုအောင်သင်းရဲ့။ ကျုပ်မှာသာ ပေးနိုင်တဲ့အခွင့်အရေးရှိရင် ခင်ဗျားကို မင်းကြီးနေရာ နေ့ချင်းညချင်း ခန့်လိုက်တယ်"ဟု ပြောကာ တဟဲဟဲ ရယ်နေလေ၏။

"မင်းကြီးနေရာရအောင် ကြိုးစားနေတာမဟုတ်ဘူးဗျို့။ မင်းကြီး အဆူမခံရအောင်"ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်စဉ်၌ပင် ကျွန်ုပ်တို့ရုံးမှ ပြာတာကလေး မောင်လှမြင့်ဆိုသူ ရောက်လာပြီးလျှင်. . .

"ကြိုးစားမနေနဲ့ ဆရာရေ၊ ဆူတာကတော့ ဆူမှာပဲ။ မင်းကြီးမစ္စတာကရစ်ပင်က သူ့ရုံးခန်းထဲကို လာခဲ့ကြလို့ ကျွန်တော့်ကိုခေါ်ခိုင်းလိုက်လို့ ကျွန်တော်လာပြီးခေါ်တာပါ။ လက်ဖက်ခြောက်တစ်ထုပ်စီယူပြီးသွားရင် ကောင်းမယ်ထင်တယ်။ ရေနွေးကြမ်းလေး ဘာလေး သောက်ရတာပေါ့

ဟု"ပြော၍ထွက်သွားလေ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ဘောင်းဘီပြင်၍ဝတ်ခြင်း၊ ဖြုတ်ထားသောခါးပတ်ကို ပြန်၍တပ်ခြင်း၊ အင်္ကျီကြယ်သီးများ ပြန်၍စစ်ဆေးခြင်း၊ ဦးထုပ်ကို တည့်မတ်စွာ ဆောင်းခြင်း စသော အထက်လူကြီးအလွယ်တကူ ဆူနိုင်မည့်ပြစ်ချက်များကို ပြုပြင်ကာ စုံထောက်မင်းကြီးမစ္စတာ ကရစ်ပင်၏ရုံးခန်းဆီသို့ ခပ်သွက်သွက် ထွက်လာခဲ့လေ၏။ ရုံးခန်းတွင်းသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အိုင်ပီကိုအောင်မြင့်၊ ကိုတင်ဝင်း၊ ကိုစိန်လှ၊ ဆရာစိန်တို့လေးဦးသားသည် မင်းကြီး၏ စားပွဲရှေ့တွင် မတ်တတ်ရပ်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်းတို့လေးဦးဘေးတွင် သွား၍ရပ်ရလေ၏။ မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့ခြောက်ဦးစုံသည်နှင့်တစ်ပြိုင်နက် အောက်ပါ အဓိပ္ပာယ်ရသောစကားကို အင်္ဂလိပ်ဘာသာဖြင့် ပြောလေတော့၏။

"မြည်းသတ္တဝါလို ငိုက်မြည်းနေတဲ့ လူကလေးတွေ. . . သဃ်န်းကျွန်းမီးရထားဘူတာနားက လူမနေတဲ့ သစ်သားအိမ်မည်းမည်းကြီးပေါ်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့တယ်လို့ ကျွန်ုပ်ထံကို သဃ်န်းကျွန်းဂါတ်က တယ်လီဖုန်းဆက်တယ်။ လူကလေးတို့ခြောက်ယောက် စီအိုင်ဒီမှာ ငိုက်နေကြလို့ မရတော့ဘူး။ အခုချက်ချင်း အခင်းဖြစ်ပွားတဲ့နေရာကို သွားပြီးကြည့်ပါ။ ဆားပုလင်းနှင်းမောင်ဆိုတဲ့ စီအိုင်ဒီရဲ့ဟီးရိုးက ဘယ်မှာလဲ။ သူပါမှဖြစ်မှာမဟုတ်လား"

မစ္စတာကရစ်ပင်သည် ဒေါနှင့်မောနှင့်ပြောပြီး စကားကိုရပ်လိုက်လေ၏။ ထိုအခါ၌ အိုင်ပီကိုစိန်လှက. . .

"ဆားပုလင်းနှင်းမောင် မလိုပါဘူး ဆာ။ ကျွန်တော်တို့ခြောက်

ယောက်ဟာ အရာရှိတွေဖြစ်ပါတယ်။ သူဟာ ကျွန်တော်တို့ရဲ့ လက်အောက်ငယ်သားတစ်ဦးသာဖြစ်ပါတယ်"ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ထော့နင်းထော့နင်းနှင့်ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက ကျွန်ုပ်အနီးသို့ကပ်ပြီးလျှင်. . .

"တွေ့လား ကိုအောင်သင်း ကိုစိန်လှက ကျုပ်တို့လူကို သက်သက်နှိမ်နေပြီဗျ။ သူ့ဟာသူ ရာထူးဘယ်လောက်ကြီးကြီး ဆားပုလင်းနှင်းမောင်လောက် မတော်ဘူးဆိုတာ တစ်ဖွဲ့လုံးသိနေတာပဲဗျာ။ တော်တော်ယုတ်တဲ့လူ။ သူ့နာမည်ကို 'စိန်လှ'လို့ မှည့်မယ့်အစား 'စိန်ယုတ်' လို့မှည့်ရင် ပိုပြီးကောင်းမယ်ဗျာ" ဟု ပြောလေ၏။ ထိုကြောင့် ကျွန်ုပ်က. . .

"ဟုတ်လား ဦးကိုကိုကြီး။ ဒါမှ ဆားပုလင်းနှင်းမောင်ပြောတဲ့ အမည်လေးမျိုးထဲက အကြောင်းတရားနဲ့ မှည့်တဲ့အမည်ဖြစ်သွားမှာပေါ့"ဟု ဦးကိုကိုကြီးအား ပြန်၍ပြောလိုက်စဉ်၌ပင် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က. . .

"လူကလေးတို့ အခုသွားကြတော့။ ထွက်သွားတာနဲ့ ကျွန်ုပ် နာရီကိုကြည့်ထားမယ်။ တစ်နာရီအတွင်း အခင်းဖြစ်ပွားတဲ့နေရာကို မရောက်ရင် ရာထူးတစ်ဆင့်လျှော့ချမယ်"ဟု ကြိမ်းမောင်းလိုက်သဖြင့် ကျွန်ုပ်တို့လည်း. . .

"ရက်ဆား. . . ရက်ဆား"ဟု ပြိုင်တူရေရွတ်ကြကာ ဆလံပေး၍ သဃ်န်းကျွန်းဘူတာအနီး လူမနေသော အိမ်မည်းကြီးဆီသို့ အမြန်ပြေးခဲ့ကြလေတော့သတည်း။

*